# မှန်ကန်ရဲရင့်တဲ့ ဆုံးဖြတ်ချက် ...

စိုးနေလင်း

ကျနော်တို့က ရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေခဲ့ကြတာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖစစ်အစိုးရက ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံရဲ့ အခြေခံမူတွေနဲ့ ဦးတည်ချက်တွေကို ပြန်လည်သုံးသပ်ဆွေးနွေး ပြင်ဆင်ပေးဖို့ တောင်းဆိုထားတာကို ဘာမှ အကြောင်းမပြန်သေးဘူး။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ ကျန်တဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေအားလုံးလည်း စုံစုံညီညီ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပြီ တကြိမ် နှစ်ကြိမ် ... ... ငါးကြိမ် အမျိုးသားညီလာခံ တက်မယ် မတက်ဘူး ဆုံးဖြတ်ချက် မကျသေးဘူး။ စစ်အစိုးရက ဘာတခုမှ မတုံ့ပြန်သေးဘူး။ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားအဖွဲ့တချို့ကလည်း အန်အယ်လ်ဒီရဲ့ ဆုံးဖြတ်ချက်ကို စောင့်ကြည့်နေကြတယ်။ စစ်အစိုးရက အန်အယ်လ်ဒီက တောင်းဆိုထားတဲ့ အချက်တွေကို တုံ့ပြန်လိုက်လျောတာမျိုး လုံးဝမရှိရင်ရော အန်အယ်လ်ဒီ ဘယ်လိုဆုံးဖြတ်မှာလဲ။ တက်မှာလား၊ မတက်ဘူးလား။ ကျနော်တို့ စိုးရိမ်တကြီး စောင့်ကြည့်နေကြသလို ပြည်သူလူထုကလည်း အခြေအနေကို သိပ်သိချင်နေကြ၊ ကြောင့်ကြောင့်ကျကျ ဖြစ်နေကြပြီ။ အန်အယ်လ်ဒီ ဘာလဲ၊ ဘယ်လဲ။

အဲဒီလို ကျနော်တို့ ရင်မသဲဖို စောင့်ကြည့်နေကြ၊ မျှော်လင့်နေကြတဲ့အဖြေကို မေလ (၁၄) ရက်နေ့ သောကြာနေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေကိုယ်တိုင်က "အမျိုးသားညီလာခံကို ပါဝင်တက်ရောက်ခြင်းအားဖြင့် တိုင်းပြည်အတွက် အကျိုးမရှိနိုင်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကောက်ချက်ချလိုက်ပါသည်။ ထို့ကြောင့် အမျိုးသားညီလာခံကို မတက်ရောက်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆုံးဖြတ်လိုက်ပါကြောင်း" လို့ သံတမန်များနဲ့ ဒီမိုကရေစီထောက်ခံသူ ပြည်သူလူထုကို ဖတ်ကြားအဖြေပေးသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒီမိုကရေစီချစ်မြတ်နိုးသူတွေရဲ့ လက်ခုပ်သြဘာသံတွေ သောသောညံ စည်သွားခဲ့ပါတယ်။ အဲဒီ လက်ခုပ်သြဘာသံတွေဟာ ကြီးမားတဲ့ တုန်ခါနှုန်းနဲ့ မြန်မာတပြည်လုံးက ပြည်သူတွေရဲ့ နှလုံးသားတွေကို ခုန်လှုပ်အားတက်သွားစေခဲ့တယ်လို့ဆိုရင် မှားမယ်မဟုတ်ပါဘူး။ ဒါဟာ ပြည်သူလူထု တရပ်လုံးရဲ့ ဆန္ဒနဲ့ ရွေးချယ်တင်မြှောက်ထားခဲ့ရတဲ့ တိုင်းပြည်ရဲ့အာဏာကို အပ်နှင်းခံထားခဲ့ရတဲ့ ပြည်သူ့ပါတီတရပ်ရဲ့ မှန်ကန်ရဲရင့်ပြတ်သားတဲ့ ဆုံးဖြတ်ချက်တခုဖြစ်ပါတယ်။ သမိုင်းဝင်ဆုံးဖြတ်ချက်လည်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ယုံကြည်အပ်နှံမှုကို အဓိက အလေးထားပြီး ပြည်သူ့အတွက် အကျိုးမရှိနိုင်တဲ့အရာကို မလုပ်ဘူးလို့ ဆုံးဖြတ်ပြီး အမိန့်အာဏာ ခြိမ်းခြောက်မှုတွေနဲ့ စစ်အာဏာရှင် ကြီးစိုးလွှမ်းမိုးရေးကို တရားဝင်ဖြစ်အောင်လုပ်ဖို့ ကြိုးစားနေတဲ့ စစ်အစိုးရကို စိန်ခေါ်ဆန့်ကျင်ပြလိုက်တာလည်း ဖြစ်ပါတယ်။

ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံရေးပါတီတရပ်ဟာ ပါတီရဲ့ဆုံးဖြတ်ချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၁၂) နှစ်မြောက် နှစ်ပတ်လည်နေ့မှာ ဆုံးဖြတ်ချက် (၁၂) ချက် ချမှတ်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက် အမှတ်စဉ် ၈(ခ) မှာ '၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှု၍ နောင်ရွေးကောက်ပွဲအသစ်များ ကျင်းပခြင်းကို လက်ခံမည်မဟုတ်' လို့ ဖော်ပြထားခဲ့သလို ၂၀၀၃ ခုနှစ် ဇန်နဝါရီ (၅၅) နှစ်မြောက်လွတ်လပ်ရေးနေ့ ကြေညာချက်မှာလည်း ...

'အန်အယ်လ်ဒီနှင့် နအဖတို့သည် အပေးအယူဖြင့် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများ မစတင်မီ အန်အယ်လ်ဒီအနေဖြင့် ၁၉၉၀ ပြည့်နှစ်တွင် အာဏာပိုင်များက ဥပဒေများထုတ်ပြန်ခဲ့ပြီး လွတ်လပ်၍ တရားမျှတစွာ ကျင်းပပေးခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်ကို ဖော်ဆောင်မပေးမချင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ဖြစ်သော ပြည်သူလူထု၏ဆန္ဒကို လိုက်နာဆောင်ရွက်မှု မပြုမချင်း နောက်ထပ်ရွေးကောက်ပွဲ ကျင်းပခြင်းကို လက်ခံမည်မဟုတ်ပေ' လို့ အတိအလင်း ဖော်ပြခဲ့ပါတယ်။

အခု ပြန်ကျင်းပနေတဲ့ အမျိုးသားညီလာခံဟာ စစ်ဝန်ကြီးချုပ်ရဲ့ နအဖစစ်အာဏာရှင်စနစ် အခွန့်ရှည်ရေးနဲ့ မြန်မာပြည်သူတွေနဲ့ ကမ္ဘာ့ပြည်သူတွေ အာရုံစူးစိုက်နေတဲ့ ဒီပဲယင်းလူသတ်ပွဲကနေ အာရုံလွှဲပစ်ဖို့ ဦးတည်ထားသလို ၁၉၉၀ ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကနေ တခဲနက် ထောက်ခံအာဏာအပ်နှင်းခံခဲ့ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာမလွှဲ ချင်လို့ နောက်ထပ်ရွေးကောက်ပွဲအသစ် ကျင်းပရေးကို ဦးတည်ကျင်းပနေတဲ့ ညီလာခံဆိုတာကို အားလုံး သိမြင်နားလည်ပြီး ဖြစ်ပါတယ်။

အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပါတီရဲ့ မူလဆုံးဖြတ်ထားချက်အတိုင်း ညီလာခံကို မတက်ရောက်ဖို့ ဆုံးဖြတ်ချက်ချလိုက်တဲ့အတွက် ပြည်သူတွေရဲ့ဆန္ဒကို လေးစားလိုက်နာတာ ဖြစ်သလို တရားမျှတမှုမရှိတဲ့၊ ဒီမိုကရေစီမရှိတဲ့၊ ဦးတည်ရည်ရွယ်ချက်နဲ့ စေတနာအားဖြင့်လည်း မှန်ကန်မှုမရှိတဲ့ အတုအယောင်ညီလာခံတခုကို ကန့်ကွက်၊ ငြင်းပယ်လိုက်တာပဲဖြစ်ပါတယ်။ အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေ၊ ကျောင်းသားအဖွဲ့အစည်းတွေ အများစုကတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အဲဒီလို ရဲရင့်ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို မျှော်လင့်တောင့်တနေခဲ့ကြ၊ စောင့်စားကြိုဆိုခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်တွင်းမှာ ဒုက္ခမျိုးစုံ ဖိစီးနှိပ်စက်မှုမျိုးစုံကို ခံစားနေ ကြရတဲ့ ပြည်သူအများစုဟာလည်း ဒီလို ပြည်သူလူထုကို မှန်ကန်ရဲရင့်တဲ့ ဦးဆောင်လမ်းပြမှုပေးနိုင် တဲ့ ပါတီမျိုးရဲ့ ဦးဆောင်မှုကိုပဲ အလိုရှိခဲ့ကြတာပါပဲ။ လက်နက်နဲ့ ခြိမ်းခြောက်ထားလို့သာ ရေငုံ နှုတ်ပိတ်နေကြရပေမယ့် ရင်ထဲမှာတော့ တုန်နှုန်းကြီးမားတဲ့ ဒီမိုကရေစီရေး ကြွေးကြော်သံတွေ လှိုင်းထပ်ပဲ့တင်နေခဲ့ကြတာ ကာလရှည်ကြာလှပါပြီ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဆုံးဖြတ်ချက်ကို မထောက်ခံသူတွေလည်း ရှိမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ တချို့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေနဲ့ ပညာရှင်ဆိုသူတွေဟာ စစ်အစိုးရကို အညံ့ခံ ဦးညွတ်ရေးဖက်ကို ဦးတည်ပြောဆိုလှုပ်ရှားလာတာတွေလည်း ကြားလာ၊ တွေ့လာရပါတယ်။ အခွင့်အရေးသမား (opportunist) တွေ၊ လက်နက်ချရေးဝါဒီ (capitulationist) တွေဖြစ်ဖို့ ကြိုးစားနေကြပြီလားလို့ မေးခွန်းထုတ်ရမလိုပါပဲ။ ကျနော်တို့တွေဟာ ကိုယ့်တိုင်းပြည်ကို မတရားအုပ်ချုပ်နေတဲ့ စစ်အစိုးရအကြောင်းကို အရှိကိုအရှိအတိုင်း အမှန် တကယ် သိမြင်နားလည်ကြဖို့သင့်ပါပြီ။ ဒီလောက် ယုတ်မာကောက်ကျစ် ရက်စက်ကြမ်းတမ်းတဲ့ စစ်အာဏာရှင်တွေနဲ့ ဘာများဆွေးနွေးညှိနှိုင်းလို့ရမယ်လို့ ထင်ပါသလဲ။ သူတို့မှာ ကတိဆိုတာရော ရှိခဲ့ပါရဲ့လား။ အသေအချာစဉ်းစားသင့်ကြပါတယ်။ သမိုင်းစာမျက်နှာတွေဟာ လောလော လတ်လတ် စာသားတောင် မခြောက်တတ်သေးပါဘူး။ ခုနောက်ဆုံး ဘယ်လိုမှ မယုံကြည်နိုင် လောက်အောင် အကြံပက်စက်ခဲ့တဲ့ ဒီပဲယင်းလို ကြိုတင်ကြံစည်ထားတဲ့ အစုလိုက် အပြုံလိုက် လူသတ်ပွဲ (premeditated massacre) ကြီးမျိုး ကျူးလွန်ခဲ့တာတောင်မှ အညံ့ခံပြေအေးဖို့ ကြိုးစားနေကြဦးမယ်ဆိုရင်တော့ ဒီမိုကရေစီဘက်တော်သားတွေ၊ စစ်အာဏာရှင်ဆန့်ကျင်ရေး သမားတွေလို့ အမည်ခံမနေတော့ဘဲ စစ်အာဏာရှင်တွေနဲ့ပေါင်းပြီး ကိုယ်ကျိုးစီးပွားရှာကြဖို့ တိုက်တွန်းဖို့ပဲ ရှိပါတော့တယ်။ တကယ်ဆိုရင် အာဏာရှင်ကို ဆန့်ကျင်တော်လှန်ပြီး ဒီမိုကရေစီ တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ကြတဲ့ တော်လှန်ရေးသမားတွေ၊ ဘဝအနစ်မွန်းခံခဲ့ကြ၊ အနစ်မွန်းခံနေ ကြရဆဲ ဒီမိုကရေစီ တိုက်ပွဲဝင်တွေရဲ့ မျက်နှာကို ထောက်ထားသင့်ကြ၊ အားနာသင့်ကြပါတယ်။ ကိုယ်ပြောလိုက်တဲ့စကား၊ လုပ်လိုက်တဲ့လုပ်ဆောင်လှုပ်ရှားမှုတခုဟာ ပြည်သူ့ဒီမိုကရေစီအရေး တော်ပုံကြီးရဲ့ စီးဆင်းနေတဲ့အရှိန်အဟုန်ကို အဟန့်အတား အနှောင့်အယှက် မဖြစ်စေသင့်ပါဘူး။ လမ်းလွဲ ပြန့်ကွဲ သွားစေနိုင်တာမျိုး မဖြစ်ရပါဘူး။

ဒီအချိန်ဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးတိုက်ပွဲအတွက် သိပ်အရေးကြီးနေတဲ့အချိန်လို့ ဆိုရပါလိမ့်မယ်။ စုစည်းလို့ရနိုင်သမျှ အသေးငယ်ဆုံးအင်အားလေးတွေကိုပဲဖြစ်ဖြစ် ရနိုင်သမျှ စုစည်းပြီး အခိုင်အမာရှိနှင့်ပြီးသား ဒီမိုကရေစီအင်အားစုကြီးတွေနဲ့ ပူးပေါင်းဆောင်ရွက်မှပဲ ကျနော်တို့လိုချင်တဲ့ လွတ်လပ်တရားမျှတ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံမျိုး ရရှိနိုင်ကြမှာဖြစ်ပါတယ်။ တကယ် စစ်မှန် လွတ်လပ် ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတခု ဖြစ်လာတဲ့အချိန်မှာတော့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာကို ကျနော်တို့စိတ်ကြိုက် ဖန်တီးတည်ဆောက်ယူရုံပါပဲ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ စစ်အာဏာရှင်တွေရဲ့ အာဏာစက်ဆိုတာကို ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ရဲရဲဝံ့ဝံ့ ဆန့်ကျင်စိန်ခေါ်လိုက်ပါပြီ။ ကျနော်တို့ ပြည်သူတွေအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဆုံးဖြတ်ချက်ကတဆင့် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်ကို ရရှိခံစားနိုင်ရအောင် အားမာန်သတ္တိရှိရှိ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ပဲ ဖြစ်ပါတယ်။ ■